## 9. ဌာန - သိပ္ပံဘာသာရပ်ဌာန

သင်တန်းအမည် - Bachelor of Science (Bioresources And Environmental Biology) (International Program)

ပေးအပ်မည့်ဘွဲ့ - Bachelor of Science (Bioresources and Environmental Biology)

သင်တန်းကြာချိန် - ၄ နှစ်

ဘွဲ့ရရှိပြီးနောက်ရရှိမည့်အလုပ်အကိုင်အခွင့်အလမ်းများ

1. Bioresources၊ Environmental Biology နှင့်သက်ဆိုင်သော မည်သည့်အစိုးရသုတေသနဌာန၊ ပညာရေးအဖွဲ့အစည်း/ တက္ကသိုလ်များတွင် သုတေသနပညာရှင် (သို့မဟုတ်)

2. Bioresources၊ Environmental Biology နှင့်သက်ဆိုင်သော ကျောင်းများတွင် အင်္ဂလိပ်ဘာသာဖြင့် ပို့ချနိုင်သည့် သင်ကြားရေးဆရာအဖြစ် လုပ်ကိုင်နိုင်ခြင်း။

3. Biological နှင့် Environmental ဆိုင်ရာပြဿနာများအတွက် အရည်အသွေးထိန်းချုပ်မှု/ အာမခံမှု၊ စမ်းသပ်မှု များနှင့် အစီရင်ခံစာများလုပ်ဆောင်နေသောကုမ္ပဏီများတွင် လုပ်ငန်းအရာရှိအဖြစ် လုပ်ကိုင်နိုင်ခြင်း။

4. သိပ္ပံစက်ပစ္စည်းများ၊ ဓာတုကုန်သွယ်ခြင်းနှင့် ဝန်ဆောင်မှုကုမ္ပဏီများတွင် ရောင်းချခြင်း သို့မဟုတ် ဈေးကွက်ရှာဖွေရေးပုဂ္ဂိုလ်အဖြစ် လုပ်ကိုင်နိုင်ခြင်း။

5. အင်္ဂလိပ်စကား ကောင်းမွန်စွာပြောဆိုသော ဝန်ထမ်းများလိုအပ်သည့် ဇီဝဆိုင်ရာ သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပစ္စည်းထုတ်ကုန်ကုမ္ပဏီများအတွက် ဝယ်သူ/ရောင်းသူဆက်ဆံရေး အရာရှိအဖြစ် လုပ်ကိုင်နိုင်ခြင်း။

6. Bioresources and Environmental Biology နယ်ပယ်ရှိကုမ္ပဏီများ၏ စွန့်ဦးတီထွင်လုပ်ငန်းရှင်အဖြစ် လုပ်ကိုင်နိုင်ခြင်း။

သင်ယူရရှိမှုရလဒ်များ (PLOs)

PLO1 - ဘာသာရပ်မှသင်ယူရရှိသောအသိပညာများကိုအသုံးပြု၍ မိမိတို့၏ဒေသတွင်းအပြင် ကမ္ဘာ့အဆင့်များအထိ ဇီဝနှင့်ပတ်ဝန်းကျင်ဆိုင်ရာဆက်စပ်သည့်ပြဿနာများကို နည်းစနစ်တကျဖြေရှင်းတတ်ရန်။

PLO2 - နိုင်ငံတကာအဆင့်မီ နည်းစနစ်များဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုအပေါ် ဇီဝနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို ဖြေရှင်းရန်အတွက် ဓာတ်ခွဲခန်းအခြေပြုနှင့် ကွင်းဆင်းလေ့လာမှုအစီအစဉ်များ လုပ်ဆောင် တတ်ရန်။

PLO3 - ဓါတ်ခွဲခန်းလုံခြုံရေးစွမ်းရည်နှင့် ပရောဖက်ရှင်နယ်ကျင့်ဝတ်များအရ သိပ္ပံဂျာနယ်များနှင့် ဓာတ်ခွဲခန်းအစီရင်ခံစာများမှ ခွဲခြမ်းစိပ်ဖြာထားသော Bioresources and Environmental Biology ဆိုင်ရာ သီးခြားပရောဂျက်တစ်ခု ဖန်တီးတတ်ရန်။

PLO4 - Bioresources and Environmental Biology ၏သဘောတရားအယူအဆများကို မိမိပစ်မှတ်ထားသောသူများနှင့် အင်္ဂလိပ်ဘာသာစကားဖြင့် စာပေနှင့်သာမက ပြောဆိုခြင်းဖြင့်ပါ ဆက်သွယ်တတ်ရန်။

PLO5 - ပတ်ဝန်းကျင်ဆိုင်ရာဇီဝပညာရှင်တစ်ယောက်၏ ကျင့်ဝတ်နှင့်ဝတ္တရားများကိုအခြေခံ၍ ရည်ရွယ်ချက်များ ပေါက်မြောက်သည်အထိ တစ်ဦးတည်းသာမက အများနှင့်ပါတွဲဖက်လုပ်ကိုင်တတ်ရန်။